ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒသမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် )**

**[ သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၆)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၄.၂၆) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ ဒသမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမြတ်ကို၊ စစ်ကိုင်း (၁၂)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဒေါက်တာခင်ရွှေ၊ ရန်ကုန် (၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးထွန်းလွင်၊ ကချင်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ငြိမ်း၊ မကွေး(၂)၊ မိသားစုကျန်းမာရေး၊ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောအောင်ကျော်နိုင် (ခ) ရှားဘူးဖော့၊ ကျန်းမာရေး၊ ဦးဖိုးဇော် ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၆)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လားရှိုးမြို့နယ်၊ မိုင်းယော်တိုက်နယ်အတွင်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှ ဆက်သွယ်ရေးတာဝါတိုင် တစ်ခုကို သင့်လျော်မည့် နေရာတွင် တပ်ဆင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က လားရှိုးမြို့နယ်၊ မိုင်းယော်တိုက်နယ်အတွင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေး တာဝါတိုင်တစ်ခုကို သင့်လျော်မည့် နေရာမှာ တပ်ဆင်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့မေးခွန်းကတော့ လားရှိုးမြို့နယ်၊ မိုင်းယော်တိုက်နယ် အတွင်း မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေး တာဝါတိုင်တစ်ခုကို သင့်လျော်မည့်နေရာတွင် တပ်ဆင်ထား ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီး ခင်ဗျား။ လားရှိုးမြို့နယ်တွင် တိုက်နယ်အဆင့် ကျေးရွာကြီး(၃)ခု ရှိပါတယ်။ ၎င်းတို့ကတော့ နောင်မွန်တိုက်နယ်၊ နန့်ပေါင်တိုက်နယ်၊ မိုင်းယော် တိုက်နယ်ဆိုပြီး ရှိပါတယ်။ မိုင်းယော် တိုက်နယ်က လွဲ၍ တခြားတိုက်နယ်နှစ်ခုစလုံး မြန်မာ့ဆက်သွယ်ရေး တာဝါတိုင် စိုက်ထူပြီး ဒေသများအတွင်း ဆက်သွယ်ရေးကွန်ရက် အလုံးစုံ ဖြန့်ကျက်သွားနိုင်ပြီး လိုအပ်တဲ့ အခြေခံ အဆောက်အအုံများကိုလည်း တည်ဆောက်ပြီး ဖြစ်တာကြောင့် ဒေသခံပြည်သူလူထုများ ဖုန်းကို အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်ကြပါပြီ။ အများပြည်သူလူထုရဲ့ ကိုယ်စား MPT ကို အထူးကျေးဇူးတင် လျက်ရှိပါကြောင်း တင်ပြပြောကြားလိုပါတယ်။

အဆိုပါ မိုင်းယော် တိုက်နယ်ဟာ လားရှိုးမြို့နယ်နဲ့ (၃၀)မိုင်ခန့် ကွာဝေးပြီး မိုးရာသီအချိန် ကာလဆိုရင် လမ်းပန်းဆက်သွယ်မှု အလွန်ခက်ခဲတဲ့ ဒေသဖြစ်ခဲ့ပါတယ်။ အခုချိန်မှာတော့ လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာပြီး ဒေသရဲ့ အဓိကစိုက်ပျိုးထွက်ကုန်များဖြစ်တဲ့ စပါး၊ ပြောင်း၊ ကြံ ဖရဲသီးနဲ့ အခြားသီးနှံများကို လားရှိုးမြို့သို့ တင်ပို့ရောင်းချပြီးတော့ အရောင်းအဝယ်တွေ လုပ်ကြပါပြီ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းယော်တိုက်နယ်တွင် မိုင်းယော်အုပ်စု အပါအဝင် ကျေးရွာအုပ်စုပေါင်း (၂၈)အုပ်စုရှိပြီးတော့ ကျေးရွာပေါင်း (၂၂၀) ရွာရှိပါတယ်။ မိုင်းယော်အုပ်စုနဲ့ တစ်ဆက်တစ်စပ်တည်း ရှိတဲ့ ကျေးရွာအုပ်စု (၅)အုပ်စုရှိပြီးတော့ အိမ်ခြေ (၂၈၀၈)အိမ်နဲ့ လူဦးရေ (၁၄၆၁၅)ဦး ရှိပါတယ်။ မိုင်းယော်အုပ်စု၊ မိုင်းယော်ကျေးရွာတွင် တိုက်နယ်ပြည်သူ့ဆေးရုံ အခြေခံပညာအထက်တန်း ကျောင်းခွဲ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းနဲ့ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့် ထုတ်လွှင့်တဲ့ မိုက္ကရိုဝေ့ဗ်စခန်း မိုင်းယော်ကျေးရွာအတွင်း ကိုယ်ထူကိုယ်ထ ရေအားလျှပ်စစ်စနစ်ဖြင့် လျှပ်စစ်ဓာတ်အားများ ဖြန့်ဝေ သုံးစွဲနိုင်တဲ့ ရွာကြီးဖြစ်ပါတယ်။

မိုင်းယော်တိုက်နယ်အတွင်းရှိ ကျေးလက်နေပြည်သူလူထုတို့ရဲ့ လူနေမှုဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်ရေး ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနဲ့ ရပ်ရွာအေးချမ်းသာယာ လုံခြုံရေးအတွက် မဖြစ်မနေ လိုအပ်သည့်အရာမှာတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေး တာဝါတိုင်နဲ့ ဆက်သွယ်ရေးကွန်ရက် ဖြန့်ကျက်နိုင်ရေးအတွက် အခြေခံအဆောက်အအုံ တည်ဆောက်ပေးနိုင် ပါရန် လိုလားတောင်းဆိုမှုများ ရှိနေကြပါတယ်။ နိုင်ငံတော်အနေနဲ့လည်း ပြည်တွင်းဆက်သွယ်ရေး လုပ်ငန်းများအား တိုးချဲ့လုပ်ကိုင်နိုင်ရန် ဂျပန် အခြေစိုက် KDDI ကုမ္ပဏီနဲ့ ဆူမီတိုမို ကုမ္ပဏီများ ပူးပေါင်းကာ ဝန်ဆောင်မှုများဖြင့် မြှင့်တင်ပြီး ဂျပန်အစိုးရကလည်း ထပ်မံအကူအညီ ထောက်ပံ့မှုများ

ပေးအပ်သွားရန် စီစဥ်နေတဲ့အကြောင်းနဲ့ ဆက်သွယ်ရေး ကွန်ယက် လိုအပ်သလို တစ်နိုင်ငံလုံး ဖြန့်ကျက်သွားဖို့ မြန်မာ့အလင်းသတင်းစာမှာ ဖတ်ရှုရတော့ ကျွန်တော် တင်ပြတောင်းဆိုထားတဲ့ ကိစ္စပါရင် ကောင်းမှာပဲလို့ စိတ်ကူးကြည့်မိပါသေးတယ်။သို့ဖြစ်ပါ၍ ဥက္ကဋ္ဌကြီး မှတစ်ဆင့် အများပြည်သူတို့ရဲ့ ကိုယ်စားမေးမြန်းလိုတာကတော့ မိုင်းယော်တိုက်နယ်အတွင်း သင့်တော်မယ့် နေရာတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေးတာဝါတိုင်တစ်ခု တပ်ဆင်တည်ဆောက် ပေးနိုင်ခြင်း ရှိ/ မရှိနဲ့ တပ်ဆင်တည်ဆောက်ပေးရန် အစီအစဥ် ရှိပါက မည်သည့်အချိန်ကာလတွင် တည်ဆောက်သွားမည်ကို သိရှိလိုပါတယ် ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၉။**

**ဦးသောင်းတင်(ဒုတိယဝန်ကြီး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ရဲ့ မိုင်းယော်တိုက်နယ်အတွင်း သင့်လျော်မယ့်နေရာတွင် မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းမှ ဆက်သွယ်ရေး တာဝါတိုင်တစ်ခုကို တပ်ဆင်တည်ဆောက်ပေးရန် အစီအစဥ် ရှိ/မရှိနှင့် စပ်လျဥ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် ဦးသောင်းတင် ဒုတိယဝန်ကြီး ဆက်သွယ်ရေး နှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ဖြေကြားသွားပါမယ်ခင်ဗျား။ ပထမဦးစွာ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု Reform အစီအစဥ်နဲ့ လက်ရှိအခြေအနေ များကို ဦးစွာရှင်းပြခွင့်ပြုပါခင်ဗျား။

ဆက်သွယ်ရေးဝန်ဆောင်မှုများကို MPT ပေါ့၊ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအပြင် ပုဂ္ဂလိက Mobile Operator နောက်ထပ် (၃)ဦးနဲ့ စုပေါင်းဆောင်ရွက်ဖို့ စီစဥ်လျက်ရှိပါတယ်ခင်ဗျ။ လက်ရှိအခြေအနေ မှာတော့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအပြင် Ooredoo ကုမ္ပဏီမှ Operator (၂)ဦးပေါ့ခင်ဗျ။ ခုတော့ လုပ်ငန်းစတင်ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျာ။ အခုဆိုလို့ရှိရင် စုစုပေါင်း လူဦးရေရဲ့ (၂၀) ရာခိုင်နှုန်းခန့်ကို ကျွန်တော်တို့ မိုဘိုင်းဖုန်းပေးနိုင်ပြီ ဖြစ်ပါတယ်ခင်ဗျ။ Telenor ကလည်း လာမယ့် စနေ နေ့ပါခင်ဗျ။ စက်တာဘာလ ၂၇ မှာ မန္တလေးမှာ စတင်ရောင်းချတော့မှာ ဖြစ်ပါတယ်ခင်ဗျား။ အခုတော့ Operator (၃)ဦးက လုပ်ငန်းဆောင်ရွက်နေပြီလို့ ကျွန်တော်တို့ တင်ပြပါတယ်ခင်ဗျား။ သူတို့ကိုပေးထားတဲ့ ဆက်သွယ်ရေး လိုင်စင်ရဲ့ သတ်မှတ်ချက်ကတော့ တစ်နှစ်အတွင်းမှာ လူဦးရေ သိန်းကျော်တဲ့ မြို့ကြီးအားလုံးကို လွှမ်းခြုံဖို့ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (၂)နှစ်အတွင်းမှာ လူဦးရေ သောင်းဂဏန်းအထက် မြို့အားလုံး ဆောင်ရွက်ဖို့ ဖြစ်ပါတယ်ခင်ဗျ။

အဲဒါအပြင် တက္ကသိုလ်များ ၊ ဆေးရုံများ အဝေးပြေးလမ်းတွေအားလုံးကို လွှမ်းခြုံအောင်၊ (၂)နှစ်အတွင်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မြန်မာတစ်ပြည်လုံးရဲ့ နေရာဒေသအားလုံးရဲ့

(၈၀)ရာခိုင်နှုန်းကျော်ရဲ့ လူဦးရေရဲ့ (၉၀)ရာခိုင်နှုန်းကျော်ကို လွှမ်းခြုံဖို့အတွက်ကတော့ (၅)နှစ် အတွင်းပြီးအောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်ခင်ဗျ။ အခုလည်း သူတို့ စတင်ဆောင်ရွက်နေပြီ ဖြစ်ပါတယ်ခင်ဗျ။ ယခု ကိုယ်စားလှယ်ကြီးရဲ့ လိုအပ်ချက်ကို ဆောင်ရွက်ရန်အတွက် ကျွန်တော်တို့ နည်းလမ်း နှစ်သွယ် ရှိပါတယ်ခင်ဗျား။ ပထမနည်းလမ်းကတော့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲရေး Plan အရ MPT အပါအဝင် ပုဂ္ဂလိက Operator တွေကို လိုင်စင်သတ်မှတ်ချက်အရ ဆောင်ရွက်တဲ့ နေရာမှာ စီးပွားရေးအရ တွက်သားမကိုက်ပေမယ့် ကျွန်တော်တို့ သီးခြားရန်ပုံငွေ ထပ်မံရှာဖွေခြင်း၊ နိုင်ငံခြားကုမ္ပဏီတွေ အနေနဲ့ဆိုရင်တော့ Cooporate Social Responsibility CSR ပေါ့ခင်ဗျား။ အဲဒီလုပ်ငန်းရပ်အဖြစ် သူ့ကို သီးခြားဆောင်ရွက်စေရန် တိုက်တွန်းခြင်း၊ ကျေးလက်ဖွံ့ဖြိုးရေး စီမံကိန်းအဖြစ် ဆောင်ရွက်ခြင်းတို့စသည့် နည်းလမ်းများနဲ့ ကျွန်တော်တို့ မူလ Plan မှာ ဦးစားပေး အစီအစဉ်မှာ မပါသည့်တိုင်အောင် မူလ Plan မှာ တတိယနှစ်နောက်ပိုင်းမှာ သူတို့ ဆောင်ရွက်ဖို့ ဖြစ်ပါလိမ့်မယ်ခင်ဗျား။ ဒါပေမဲ့ ဦးစားပေးအစီအစဉ်ထဲမှာ ကျွန်တော်တို့ ရှေ့တိုးဆောင်ရွက်ဖို့ တိုက်တွန်းပေးပါမယ်ခင်ဗျား။

ဒုတိယနည်းလမ်းကတော့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်မှ စိုက်ထုတ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ လက်ရှိ Reform Plan အရတော့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို Coporation အသွင် ပြောင်းပြီးတော့ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ဂျပန်နိုင်ငံ KDDI ဆူမီတိုမိုတို့နဲ့ တွဲဖက်ပြီးတော့ နိုင်ငံတော်ရဲ့ ဘတ်ဂျက်ကို မှီခိုမှု လျော့ပြီးတော့ မိမိကိုယ်တိုင် ရပ်တည်ဆောင်ရွက်တဲ့ ပုံစံမျိုး ဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ ဒီ ယခု ဘဏ္ဍာရေးနှစ်အတွင်းမှာတော့ ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုး မြို့နယ် မိုင်းယော်တိုက်နယ်အတွင်း မိုဘိုင်းတိုက်နယ်စခန်း တည်ဆောက်ဖို့ ကြိုတင်ရှာထားခြင်း မရှိခဲ့ပါဘူး ခင်ဗျား။ သို့ပေမဲ့ အဆိုပါ မိုဘိုင်းဆက်သွယ်ရေးစခန်းကို အထက်ဖော်ပြပါ တင်ပြတဲ့ နည်းလမ်း နှစ်ခုနဲ့ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**ပခုက္ကူမြို့တွင် အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး က ပခုက္ကူမြို့တွင် အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးသော်ဇင်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အစည်းအဝေးသို့ ကြွရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း

ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသော်ဇင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပခုက္ကူမြို့ပေါ်မှာ အဆင့်မြင့် အဝေးပြေးယာဉ်ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ဟာ ခရိုင်ရုံးစိုက်ရာ မြို့ ဖြစ်ပြီးတော့ ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ကမ်းမှာ တည်ရှိပြီး ဧရာအနောက်မြို့တော်အဖြစ် ထင်ရှားကျော်ကြားတဲ့ မြို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြစ်ကူးတံတားမှာ အရှည်ဆုံးဖြစ်တဲ့ ဧရာဝတီမြစ်ကူးတံတား(ပခုက္ကူ)ကို ဖွင့်လှစ်ပြီးတဲ့နောက်မှာ ပခုက္ကူမြို့ဟာ အထူးတိုးတက်စည်ကားလာပြီးတော့ ခရီးသည် ပို့ဆောင်ရေး ကဏ္ဍမှာ မော်တော်ယာဉ်များ မော်တော်ယာဉ်လိုင်းများ တိုးတက်များပြားလာခဲ့ပါတယ်။ ယခု လက်ရှိအသုံးပြုနေတဲ့ အဝေးပြေးကားကွင်းဟာ ဧရိယာအကျယ်အဝန်းမှာ (၃)ဧက မျှသာ ရှိပြီးတော့ အဲဒီကားကွင်းထဲမှာ ပေ (၃၀)ပတ်လည် ဂိတ်ခန်း (၁၃)ခန်းနဲ့ (၁၀)ပေ ပတ်လည်ဂိတ်ခန်း (၂၈)ခန်းနဲ့ စားသောက်ဆိုင်ခန်း (၁၀)ခန်းသာ ရှိပြီးတော့ ခရီးသည်နားနေဆောင်များ၊သန့်စင်ခန်းများ၊ စနစ်တကျ ထည့်သွင်းတည်ဆောက်ထားခြင်း မရှိပါဘူး။ ခရီးသည် ပို့ဆောင်ရေး ယာဉ်လိုင်များမှာလည်း ပခုက္ကူမြို့မှ နေပြီးတော့ မြို့ကြီးများဖြစ်တဲ့ ရန်ကုန်၊မန္တလေး၊ နေပြည်တော်၊ မုံရွာ၊ မကွေး ၊ ပြည်၊ တောင်ကြီး စတာများအပြင် အနီးပတ်ဝန်းကျင် မြို့များဖြစ်တဲ့ ပေါက်၊ ရေစကြို၊ မြိုင်၊ ချောက်၊ ဆိပ်ဖြူ၊ မြင်းခြံ၊ ပုဂံ၊ ညောင်ဦး၊ ယောဒေသ၊ မတူပီ၊ မင်းတပ် စသဖြင့် မော်တော်ယာဉ်လိုင်းပေါင်း (၆၀)ကျော်နဲ့ ပြေးဆွဲပို့ဆောင်လျက်ရှိရာ လက်ရှိအသုံးပြုနေတဲ့ ကားကွင်းဟာ လုပ်ငန်းဆောင်ရွက်နေတဲ့ ယာဉ်လိုင်း များနဲ့ နှိုင်းယှဉ်ပါက အလွန်ပဲ ကျဉ်းမြောင်းနေတာကို တွေ့ရှိနေရပါတယ်။

လက်ရှိ ကားကွင်းအတွင်း ဂိတ်ခန်းနေရာ ဖွင့်ခွင့်မရကြတဲ့ ယာဉ်လိုင်းများမှာလည်း အခြားသင့်တော်ရာ ရပ်ကွက်များ လမ်းမကြီးများမှာ ဂိတ် ဖွင့်လှစ်ပြီးတော့ ပြေးဆွဲနေကြရတဲ့အတွက် မြို့ထဲလမ်းမကြီးမှာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနေကြရပါတယ်။ ယခု လက်ရှိကားကွင်းနဲ့ မျက်နှာချင်းဆိုင်မှာလည်း ဆရာအတတ်သင်ကောလိပ်နဲ့ လေ့ကျင့်ရေး အလယ်တန်းကျောင်းများ ရှိပါသဖြင့် ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များမှာ ယာဉ်ကြောပိတ်ဆို့ပြီး ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိပါတယ်။ မကြာခင်ကာလအတွင်းမှာ ပခုက္ကူမြို့ကို ဖြတ်ပြီးတော့ အာရှအဝေးပြေး လမ်းမကြီးများလည်း ဖြတ်သန်း ဖောက်လုပ်တော့မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ရဲ့ အခြားသင့်တော်တဲ့ နေရာတစ်နေရာမှာ အဆင့်မြင့်အဝေးပြေးယာဉ် ရပ်နားစခန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ အစီအစဉ် ရှိပါက မည်သည့်အချိန်ကာလမှာ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၇။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန(၄))။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနဲ့ အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄ ဧပြီလ မှာရေးဆွဲပြီးစီးခဲ့တဲ့ မြို့ပြစီမံကိန်း Town Plan အရ ပခုက္ကူမြို့ မြိုင်လမ်းနဲ့ မြို့ရှောင် လမ်းကြားမှာရှိတဲ့ မြေအကျယ်အဝန်း (၈၄၄)ဧကအား စီးပွားရေးဇုံအဖြစ် လျာထားပြီးတော့ ကုန်တင်ယာဉ်စခန်းနဲ့ ခရီးသည်တင် ယာဉ်ရပ်နားစခန်းများကို အဆိုပါစီးပွားရေးဇုံအတွင်း ထည့်သွင်း လျာထားခဲ့ပါတယ်။ ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှာလည်း အဝေးပြေးယာဉ် ရပ်နားစခန်းနဲ့ ကုန်တင်ယာဉ်ရပ်နားစခန်းများကို လက်ရှိတည်နေရာအမှတ်(၁၅)ရပ်ကွက် မြို့မလမ်း မြေအကျယ်အဝန်း (၃.၃၂)ဧကမှ မြို့ရှောင်လမ်းနဲ့ ရေစကြိုလမ်းဆုံကွင်းအမှတ် -၃၄၀(က) စိုက်တွင်းအနောက်ကွင်း ဧရိယာ (၂၂.၀၃)ဧကမှာ ရှိတဲ့ မြေနေရာကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက်ကို ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ မြေနေရာအား လယ်ယာမြေ အခြားနည်း အသုံးပြုခွင့်ရရှိရေး လျှောက်ထားဆဲဖြစ်ပြီးတော့ ခွင့်ပြုချက် ရရှိပါက အဆင့်မြင့်အဝေးပြေးယာဉ်ရပ်နားစခန်း ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး အကောင်အထည်ဖော်လျက်ရှိသည့် အခြေအနေနှင့် သတ်မှတ် ထုတ်ပြန်နိုင်မည့် မျှော်မှန်းကာလကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဉာဏ်လင်း က အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေး အကောင်အထည်ဖော်လျက်ရှိတဲ့ အခြေအနေနှင့် သတ်မှတ် ထုတ်ပြန်နိုင်မည့် မျှော်မှန်းကာလကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးဉာဏ်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဉာဏ်လင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးနဲ့ စပ်လျဉ်းပြီး အလွှာအသီးသီးမှ အလုပ်သမားများက အထူးစိတ်ဝင်စားလျက် ရှိကြတဲ့အတွက် ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနမှ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းထားပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေနဲ့ နည်းဥပဒေများကို ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဥပဒေများနဲ့အညီ အလုပ်သမားများအတွက် သင့်တော်ကောင်းမွန်တဲ့ အနည်းဆုံး အခကြေးငွေတစ်ရပ် သတ်မှတ်ပေးနိုင်ဖို့ ရန်ကုန်၊ မန္တလေး၊ ပဲခူး စတဲ့ တိုင်းဒေသကြီးတွေမှာ မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် အဖွဲ့အစည်းMDRI နဲ့ ILO တို့ ပူးပေါင်းပြီး အခြေခံ လိုအပ်ချက်များကို ကွင်းဆင်းကောက်ယူခဲ့ပြီး ဖြစ်ကြောင်း သိရှိရပါတယ်။ ILO အနေဖြင့် ဒီဒေသတွေ မှာရှိတဲ့ ချည်မျှင်နဲ့ အထည်အလိပ်လုပ်ငန်းများမှာ Base Line Survey စစ်တမ်းကောက်ယူဖို့နဲ့ မြန်မာ့ဈေးကွက် သုတေသန ဖွံ့ဖြိုးရေး MMRD က ဆောင်ရွက်လျက်ရှိပြီး NGO များကလည်း အချက်အလက်များကို ကောက်ယူ စုဆောင်းနေကြကြောင်း လေ့လာသိရှိရပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အလုပ်သမားဘက်မှ လူနေမှုစရိတ် (Cost of Living) အလုပ်သမား များရဲ့ ထုတ်လုပ်နိုင်မှုစွမ်းအား (Productivity of Labour) ဆက်နွယ်မှုများ အလုပ်ရှင်ဘက်မှ ကုန်ထုတ်စွမ်းအား အပြောင်းအလဲ (Change in Productivity ) နဲ့ ပေးစွမ်းနိုင်မှု ( Employer's Capacity to Pay) အပြန်အလှန် သက်ရောက်မှုတို့ကို အနည်းဆုံး အခကြေးငွေ သတ်မှတ်ရာမှာ အလေးထားပြုစုကြရမှာ ဖြစ်ပါတယ်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရာမှာ အလုပ်သမား၊ လုပ်ငန်းရှင်၊ အစိုးရတို့အပြင် စီးပွားရေးပညာရှင်တို့ရဲ့ အကြံဉာဏ်များကို ရယူပြီး လေးလေးနက်နက် စဥ်းစားဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ လုပ်ငန်းရှင်များဘက်ကလည်း စီးပွားရေး ယှဥ်ပြိုင်မှု အခက်အခဲကြုံ တွေ့ရခြင်းများကြောင့် အလုပ်သမားအချိုးကို ဦးရေလျော့ချခြင်း၊ လုပ်ငန်းရပ်စဲခြင်းများနှင့် အလုပ်သမား များဘက်ကလည်း အခြေခံလုပ်ခလစာဖြင့် စားဝတ်နေရေး မပြေလည် မလုံလောက်၍ လုပ်ခလစာ တိုးမြှင့်ရေး ဆန္ဒဖော်ထုတ်တောင်းဆိုမှုများစတဲ့ ပြဿနာများကိုလည်း စဥ်းစားကြရမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ အာဆီယံနိုင်ငံများမှာ အနည်းဆုံး အခကြေးငွေ သတ်မှတ်နှုန်းဟာ ဒေသအလိုက် မတူညီနိုင်ကြပါ။ နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအပေါ် မှာ မူတည်ကြမှာ ဖြစ်တဲ့အတွက် သဘာဝကျပါတယ်။ မိမိတို့နိုင်ငံတော်အစိုးရကလည်း အစိုးရဝန်ထမ်းများ အလုပ်သမား များအပါအဝင် ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းဝန်ထမ်းများအား အလွှာအသီးသီးမှ အလုပ်သမားများရဲ့ စားဝတ်နေရေး အဆင်ပြေဖူလုံရေးအတွက် လစာများ၊ လုပ်ခများ ပိုမိုတိုးမြှင့်ပေးလိုတဲ့ စေတနာအမှန် ရှိနေတယ်ဆိုတာ အကြွင်းမဲ့ ယုံကြည်ပါတယ်။ ဒါပေမဲ့ အခက်အခဲတွေလည်း ရှိနေတယ်ဆိုတာကိုလည်း နားလည်သဘော ပေါက်ပါတယ်။ မည်သို့ဆိုစေ မိမိတို့မြန်မာနိုင်ငံမှာ အနည်းဆုံး အခကြေးငွေ သတ်မှတ်တဲ့နေရာမှာ ပြည်ပအနေအထား၊ ပြည်တွင်းအနေအထားတို့ကို လေ့လာသုံးသပ်ကာ သင့်တင့်မျှတတဲ့နှုန်းထား မဖြစ်မနေ သတ်မှတ်ကြရမှာဖြစ်ပါတယ်။ နောက်အကျဆုံး ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ မြန်မာနှစ်သစ်ကူးလက်ဆောင်အဖြစ်လည်းကောင်း ဒါမှမဟုတ် မေလ ၁ ရက်မှာ အလုပ်သမားနေ့ ဂုဏ်ပြုလက်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်သမ္မတကြီးက မြန်မာ အလုပ်သမားထုကြီးအတွက် အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ချီးမြှင့်နိုင်မယ်ဆိုရင်တော့ အလွန် ကောင်းတဲ့ရလဒ်လို့ ကျွန်တော့်အနေနဲ့ စိတ်ကူးမိပါကြောင်းကိုလည်းပဲ အလျဥ်းသင့်လို့ တင်ပြလိုပါ တယ်။ သို့ဖြစ်ပါ၍ မိမိတို့နိုင်ငံမှာ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေး အကောင်အထည်ဖော်တဲ့

အခြေအနေများနဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ထုတ်ပြန်နိုင်မယ့် မျှော်မှန်းကာလကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ။** ။မေးခွန်းနဲ့ပတ်သက်ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဒေါ်ဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ ဆုတောင်းဂါရဝပြုအပ်ပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီး ရှင်။ ဒီနေ့မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်မ အနည်းငယ် တင်ပြလိုပါတယ်။ ဒီနေ့ အနည်းဆုံး အခကြေးငွေ မေးခွန်းကို ဖြေကြားတဲ့နေရာမှာ ကျွန်မ အတတ်နိုင်ဆုံး နားလည်သဘောပေါက်လွယ်အောင် အကျဉ်းချုပ် ဖြေခဲ့တယ်ဆိုပေမယ့်လည်း အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဟာ လွန်စွာသိမ်မွေ့ခက်ခဲပြီးတော့ အဆိုးအကောင်း ဒွန်တွဲနေတဲ့အတွက် ဒီဟာကို ကျယ်ကျယ်ပြန့်ပြန့် ကျွန်မ တင်ပြလိုတဲ့ဆန္ဒ ရှိပါတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သိရှိလိုတဲ့အချက်များရှိရင် ကျွန်မ သီးသန့် လာရောက်ထပ်မံရှင်းပြချင်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌကြီး နဲ့ ကိုယ်စားလှယ်တော်တို့ရဲ့ အကြံပြုချက် ကျွန်မ ရယူလိုပါတယ်။ ဒါကြောင့်မို့လို့ ယင်းနေ့ရက်များ အချိန်များ သတ်မှတ်ပေးနိုင်ခဲ့ရင် ကျွန်မ အသေးစိတ် ထပ်မံရှင်းပြပါမယ်။ အခုတော့ မေးခွန်းသဘာဝအတိုင်း ပြန်လည်ဖြေကြား ပေးပါမယ်ရှင်။ အနည်းဆုံး အခကြေးငွေ ဥပဒေကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၇)ဖြင့် ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့မှာ ထုတ်ပြန်ပြဋ္ဌာန်းပြီး ဖြစ်ပါတယ်။ အနည်းဆုံးအခကြေးငွေ နည်းဥပဒေကိုတော့ ပြည်ထောင်စု အစိုးရအဖွဲ့ အတည်ပြုချက်နဲ့ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။

ထုတ်ပြန်ထားပြီးဖြစ်တဲ့ အနည်းဆုံးအခကြေးငွေ ဥပဒေ ပုဒ်မ ၃ အရ နိုင်ငံတော်က သက်ဆိုင်ရာအစိုးရဌာန အစိုးရအဖွဲ့အစည်းများမှ တာဝန်ပေးသင့်တဲ့ ကိုယ်စားလှယ်တွေ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းက အလုပ်ရှင်နဲ့ အလုပ်သမား ကိုယ်စားလှယ်တွေ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်ပြီး တရားမျှတစွာ ဆောင်ရွက်နိုင်တဲ့ပုဂ္ဂိုလ်တွေ ပါဝင်တဲ့ အမျိုးသားကော်မတီကို နိုင်ငံတော်သမ္မတကြီးက ဖွဲ့စည်းခဲ့ပြီးတော့ အဆိုပါကော်မတီရဲ့တာဝန်နဲ့ လုပ်ပိုင်ခွင့်တွေကိုလည်း သတ်မှတ်ပေးခဲ့ပါတယ်။ ဥပဒေနဲ့နည်းဥပဒေအရ အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးအတွက် လုပ်ငန်းစဉ် (၅)ရပ် ချမှတ်ပြီးတော့ ကျွန်မတို့ ဆောင်ရွက်လျက် ရှိပါတယ်ရှင်။ လုပ်ငန်းစဉ်(၁)မှာတော့ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်း ဖြစ်ပါတယ်။

လုပ်ငန်းစဉ် (၂)မှာတော့ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ ၊ အစည်းအဝေးပွဲများ ကျင်းပခြင်းနဲ့ မေးခွန်းလွှာ ဖြန့်ဝေ၍ စာရင်းကောက်ယူခြင်း အပိုင်း ရှိပါတယ်ရှင်။ လုပ်ငန်းစဉ် (၃)မှာတော့ အကြံပြုချက်များ ပြန်လည်စုစည်းခြင်း ဖြစ်ပါတယ်ရှင်၊ လုပ်ငန်းစဉ် (၄)မှာတော့ အဆိုပြု အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ပါမယ်။ လုပ်ငန်းစဉ် (၅)မှာတော့ အတည်ပြု အနည်းဆုံး အခကြေးငွေ ထုတ်ပြန်ခြင်းတို့ ဖြစ်ပါတယ်။ လုပ်ငန်းစဉ် ပထမအဆင့်ဖြစ်တဲ့ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာကော်မတီများကတော့ ဖွဲ့စည်းပြီး ဖြစ်ပါတယ်ရှင်။ ဒုတိယအဆင့်အနေနဲ့ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ အစည်းအဝေးများ ကျင်းပခြင်းနှင့် မေးခွန်းလွှာ ဖြန့်ဝေပြီး စာရင်းကောက်ယူခြင်းလုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ရှင်။ စစ်တမ်း ကောက်ယူခြင်းအပိုင်းမှာ မြန်မာနိုင်ငံ တိုးတက်မှု အရင်းအမြစ် အဖွဲ့အစည်း Myanmar Development Resource Institute MDRI နဲ့ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) တို့ ပူးပေါင်းပြီးတော့ ရန်ကုန်တိုင်း၊ မန္တလေးနှင့် ပဲခူးတိုင်းဒေသကြီးမှာရှိတဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်သမား တွေရဲ့ နေထိုင်စားသောက်မှုစရိတ်ကို ကွင်းဆင်းကောက်ယူခဲ့ပါတယ်။ တစ်ပြိုင်တည်း မှာလည်း ILO အနေနဲ့ အဆိုပါဒေသမှာရှိတဲ့ ချည်မျှင်နဲ့ အထည်လုပ်ငန်းများမှာ Base Line Survey ကောက်ယူခြင်း ကိုလည်း ပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရဲ့ ဈေးကွက်သုတေသန ဖွံ့ဖြိုး ရေး အဖွဲ့အစည်းဖြစ်တဲ့ Myanmar Marketing Research and Development က MMRD နဲ့လည်း တာဝန်ပေးဆောင်ရွက် လျက်ရှိပါတယ်ရှင်။

အဲဒီသုတေသနက ရရှိလာတဲ့ ရလာဒ်တွေရယ်၊ အလုပ်သမားများ ရရှိနေတဲ့ လုပ်ခလစာရယ် နှိုင်းယှဉ်ပြီးတော့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ဖို့ အဓိကကျတဲ့ နေထိုင်စားသောက်မှုစရိတ် Living Cost ကို တွက်ချက်နိုင်ရေးကို ကျွန်မတို့ ဆွေးနွေးဆောင်ရွက်လျက် ရှိပါတယ်။ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီရဲ့ အစည်းအဝေးကို အမျိုးသားကော်မတီဝင်တွေ အစိုးရဌာန အသီးသီးက ဒုတိယဝန်ကြီးတွေ၊ နေပြည်တော်ကောင်စီနဲ့ တိုင်းဒေကြီး၊ ပြည်နယ်အစိုးရက ဝန်ကြီးတွေ၊ MDRI က သုတေသန ပညာရှင်တွေ၊ Myanmar Human Resource (MHR) က ဦးအေးကျော် တို့နဲ့အတူ Myanmar Market Research and Development (MMRD) က သုတေသနပညာရှင်တွေ ရန်ကုန်မြို့မှာရှိတဲ့ ILO ဆက်သွယ်ရေးအရာရှိနှင့် ILO အာရှပစိဖိတ်ဒေသ ဆိုင်ရာရုံးခွဲက Minimum Wages Specialist တွေ အလုပ်သမား ကိုယ်စားလှယ်တွေ၊ အလုပ်ရှင် ကိုယ်စားလှယ်တွေ၊ ကျွမ်းကျင်သူများနဲ့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ နည်းပညာ ကော်မတီကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာရော ဖေဖော်ဝါရီလ နဲ့ ဩဂုတ်လများမှာ ကျင်းပပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ ILO ရဲ့ အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ ကျွမ်းကျင်သူများနဲ့လည်း ကျွန်မတို့ အဆက်မပြတ် ဆွေးနွေးလျက်ရှိပါတယ်ရှင့်။

အနည်းဆုံးအခကြေးငွေ ဥပဒေအရ မြန်မာနိုင်ငံတွင် အနည်းဆုံးအခကြေးငွေကို ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်းစတဲ့ လုပ်ငန်းအမျိုးအစားအလိုက် သော်လည်းကောင်း၊ နေရာဒေသအလိုက် သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးအတွက် တစ်ပြေးညီသော်လည်းကောင်း မည်သို့ သတ်မှတ်သင့်

သည်ကို အလုပ်ရှင်နှင့် အလုပ်သမားများ၏ ဆွေးနွေးချက်ရလာဒ်တွေ သုတေသနလုပ်ငန်းများမှ ရရှိတဲ့ ရလာဒ်တွေ အာဆီယံနိုင်ငံများနဲ့ ကျင့်သုံးနေတဲ့ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်း ပုံစံတွေကို အားလုံး ချိန်ထိုး နှိုင်းယှဉ်ပြီး ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

တတိယအဆင့်ကတော့ ပမာဏသင့်တင့် မျှတတဲ့ လုပ်ခလစာများကို ညှိနှိုင်းသတ်မှတ်ပြီး သက်ဆိုင်ရာကော်မတီများက အဆင့်ဆင့် တင်ပြသွားရမှာ ဖြစ်ပါတယ်။ စတုတ္ထအဆင့်မှာတော့ အမျိုးသားကော်မတီက ပြည်ထောင်စုနယ်မြေ ကော်မတီ တိုင်းဒေသကြီး ကော်မတီနှင့် ပြည်နယ်ကော်မတီတွေက အကြံပြုချက်များနှင့်သက်ဆိုင်ရာ လုပ်ငန်းကော်မတီတွေရဲ့ သဘောထားမှတ်ချက်များကို လေ့လာစိစစ်ပြီး သတ်မှတ်သင့်သော အဆိုပြု အနည်းဆုံးအခကြေးငွေကို အများပြည်သူသိရှိစေရန်နဲ့ သဘောထားမှတ်ချက်များပေးနိုင်ရန် အတည်ပြု အနည်းဆုံး အခကြေးငွေ မထုတ်ပြန်မီ ရက်ပေါင်း (၆၀) ကြိုတင်ပြီးတော့ ကြေညာသွားမှာ ဖြစ်ပါတယ်။ ထုတ်ပြန်ကြေညာပြီးတော့ အဆိုပြု အနည်းဆုံးအခကြေးငွေနှုန်းထားကို ကန့်ကွက်လိုပါက ကန့်ကွက်လိုသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ထုတ်ပြန်ကြေညာပြီး နှစ်ပတ်အတွင်းမှာ ပြည်ထောင်စုနယ်မြေ ကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီတွေမှာ တင်ပြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး ကော်မတီ အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားကို ကန့်ကွက်သည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း ကွင်းဆင်း စစ်ဆေးသည့် ကိစ္စရပ်များ ပြီးစီးအောင် ဆောင်ရွက်ရမှာဖြစ်ပြီးတော့ အဆိုပါ ကွင်းဆင်းစစ်ဆေးချက်နဲ့ အဆိုပြုနှုန်းထားကို အမျိုးသားကော်မတီကို ပြန်လည်တင်ပြရမှာ ဖြစ်ပါတယ်။

ထို့နောက် အမျိုးသားကော်မတီသည် ပြည်ထောင်စုနယ်မြေကော်မတီ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကော်မတီက တင်ပြလာတဲ့ ကွင်းဆင်းစစ်ဆေးချက်နှင့် အဆိုပြုနှုန်းထားကို အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမား ကိုယ်စားလှယ်များ ပါဝင်တဲ့ သုံးပွင့်ဆိုင် အဖွဲ့ဖြင့် လေ့လာစိစစ်ပြီးမှ သာ အတည်ပြုအနည်းဆုံး အခကြေးငွေကို ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အနည်းဆုံး အခကြေးငွေတွက်ချက်ရာတွင် အလုပ်သမားများအနေနှင့် ၎င်းတို့ရဲ့ မိသားစုလိုအပ်ချက်တွေ လက်ရှိလုပ်ခတွေ ကုန်ဈေးနှုန်း အခြေအနေတွေ၊ စားဝတ်နေရေးအတွက် ကုန်ကျစရိတ်တွေ၊ အဆိုပါကုန်ကျစရိတ်များကို ပြောင်းလဲချက်နဲ့ လိုက်လျောညီထွေရှိမည့် လူနေမှုဘဝ အဆင့်အတန်း နဲ့ တစ်ဦးချင်း ဝင်ငွေစသည် တို့ကို အဓိကထားပြီး စဉ်းစားတွက်ချက်သွားရမှာ ဖြစ်ပါတယ်။ အလုပ်သမားများအတွက် အနည်းဆုံးအခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်ပြီးတော့ အမှန်တကယ် လုပ်ဆောင်ရာတွင်လည်း အသေးစိတ် ဆောင်ရွက်ရမည့် အခြေအနေမှာ အခက်အခဲများစွာ ရှိနိုင်ပါတယ်။ နေရာဒေသနှင့်အလုပ်အကိုင် အမျိုးအစား ကွာခြားမှု၊ လူနေမှုစရိတ် ကွာခြားမှု စသည့် ထည့်သွင်းစဉ်းစားရမယ့် အချက် တွေလည်း ရှိနေပါတယ်။ အထက်ပါအတိုင်း အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးလုပ်ငန်းကို ဆောင်ရွက်ရာမှာ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရန် လိုသကဲ့သို့ အခြားတစ်ဖက်တွင်လည်း သတ်မှတ်ပေးလိုက်တဲ့နှုန်းထားဟာ အလုပ်သမားများနှင့် အလုပ်ရှင်တို့အတွက် Win Win Situation ရနိုင်မည့် နှုန်းထားမျိုး ဖြစ်ဖို့လည်း လိုအပ်ပါတယ်။

ယခုကဲ့သို့ အနည်းဆုံး အခကြေးငွေကို နေရာဒေသအလိုက် လုပ်ငန်းအမျိုးအစား အလိုက် သတ်မှတ်ပေးရာမှာ အလုပ်သမားများရဲ့ လုပ်ခလစာနှင့် ၎င်းတို့ရဲ့ မိသားစု စားဝတ်နေရေး အဆင်ပြေစေရန် ထည့်သွင်း စဉ်းစားရမည် ဖြစ်ပြီးတော့ အလုပ်ရှင်တွေ ဘက်ကလည်း ပေးနိုင်တဲ့ နှုန်းထားမျိုးဖြစ်ရန်လည်း လိုအပ်နေပါတယ်။ နေရာဒေသအလိုက် လူနေမှု စရိတ် အလိုက် ကွာခြားခြင်း၊ အလုပ်အကိုင် အမျိုးအစားနှင့် အခြေခံ ကျွမ်းကျင်မှုတွေ ကွာခြားခြင်း ဒါကြောင့် အလုပ်သမားများရဲ့ လုပ်ခလစာ ကွာခြားမှု ရှိနိုင်ပါတယ်။ နေရာဒေသအလိုက် လူနေမှုစရိတ်နှင့် အခြေခံကျွမ်းကျင်မှု လုပ်ငန်းအမျိုးအစား ကွာခြားမှုတို့အရ ပေးသင့်တဲ့အခြေခံလုပ်ခ Basic Wage ကို တစ်ပြေးညီ သတ်မှတ်ပြီး နေရာဒေသနှင့် ကျွမ်းကျင်မှု အဆင့်အလိုက် ထပ်ပေါင်းပေးရမည့် ငွေကို အခြေခံလုပ်ခ Basic Wage အပေါ်မှာ ထပ်ပေါင်းပြီး ပေးတဲ့ နည်းကို လည်း အသုံးပြု သင့် / မသင့်ကိုလည်း စဉ်းစားရန် လိုအပ်လာပါတယ်။

အထက်ပါ အကြောင်းများကြောင့် မြန်မာနိုင်ငံရှိ အလုပ်သမားများအတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးနိုင်ရန် ထည့်သွင်းစဉ်းစားရမည့် အခြေခံအချက်များစွာ ရှိနေတဲ့အတွက် အဆိုပါ အချက်များကို အပြည့်အစုံ ထည့်သွင်းစဉ်းစားတွက်ချက်နိုင်ရန် အချိန်အတိုင်းအတာတစ်ခုတော့ လိုလာပါတယ်။ နိုင်ငံတကာမှာလည်း အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေး ကိစ္စဟာ နှစ်ပေါင်းများစွာ လေ့လာပြီးမှသာ စိစစ်ဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ ထိုသို့ ဆောင်ရွက်ပေးလျက် ရှိတဲ့နေရာမှာ အလုပ်သမားများဘက်က အနည်းဆုံး အခကြေးငွေကို တတ်နိုင်သမျှ မြန်မြန် သတ်မှတ်ပေးဖို့ တောင်းဆိုကြပါတယ်။ မိမိတို့ဘက်က သတ်မှတ်ပေးလိုက်တဲ့ အခကြေးငွေကလည်း အလုပ်သမားများအတွက် ထိရောက်မှုရှိတဲ့ ပမာဏဖြစ်ရန်လည်း လိုအပ်ပါတယ်ရှင်။ အလုပ်သမားများ အတွက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရေးကိစ္စဟာ အလွန် နူးညံ့သိမ်မွေ့ပြီး Sensitive ဖြစ်တဲ့အတွက် အလုပ်သမားများရဲ့ ရေရှည် အကျိုးစီးပွားအတွက် အဖက်ဖက်က လွှမ်းခြုံစဉ်းစားပြီး အလုပ်သမားများအတွက် အကောင်းမွန်ဆုံးဖြစ်အောင် လက်ရှိအနေအထားအရ ထည့်သွင်းစဉ်းစား ရမယ့် အခြေခံအချက်တွေကလည်း စိစစ်ပြီးတော့ မြန်မာအလုပ်သမားများအတွက် အသင့်တော်ဆုံး အဖြစ်နိုင်ဆုံးနှင့် တတ်နိုင်သမျှ အကောင်းဆုံး ဖြစ်မယ့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက် လျက်ရှိပါတယ်ရှင်။

လက်ရှိအချိန်မှာ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ အလုပ်ရှင်နဲ့ အလုပ်သမား ကိုယ်စားလှယ်တွေ သုတေသနပြုထားတဲ့ အဖွဲ့အစည်းတွေရဲ့ အဖွဲ့အစည်းများဖြစ်တဲ့ နေပြည်တော် ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာရှိတဲ့ ဒေသ အခြေခံအလုပ်သမား များနှင့် တွေ့ဆုံပြီးတော့ ၎င်းတို့ရဲ့ နေထိုင်စားသောက်မှု စရိတ်ဆိုင်ရာ အသေးစိတ် အချက်အလက်များကို သွားရောက်ကောက်ယူလျက်ရှိပါတယ်။ ရရှိလာမယ့် အချက်အလက်ပေါ် အခြေခံပြီး အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးကိစ္စကို စိစစ်သတ်မှတ်ပေးရန် ဆောင်ရွက်လျက် ရှိပါသဖြင့် ထိုသို့ ဘက်စုံထောင့်စုံမှ စဉ်းစားပြီး သတ်မှတ်ပေးနိုင်ရန်အတွက် အချိန်အတိုင်းအတာ တစ်ခုထိတော့ လိုအပ်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုလွှတ်တော်မှာ နာယက တာဝန်ထမ်းဆောင်တဲ့အချိန်က အလုပ်ရှင်နှင့် အလုပ်သမားအခွင့်အရေး လေ့လာရေးကော်မရှင်ဆိုတာ ဖွဲ့တော့ အမျိုးသားလွှတ်တော်ကလည်း အဲဒီပုဂ္ဂိုလ်တွေလည်း ပါ ပါတယ်။ အမျိုးသားလွှတ်တော်မှာလည်း တောင်သူလယ်သမား အလုပ်သမား အခွင့်အရေး ကော်မတီ ဥက္ကဋ္ဌ⊞ဌ ဘယ်သူလဲ ဟုတ်ပြီ ထိုင်ပါ။ ဒီကော်မတီကနေပြီးတော့ လာမယ့်အပတ်ထဲမှာ ဒုတိယဝန်ကြီးနဲ့ ချိန်းလိုက်ပြီးတော့ ထမင်းစားခန်းမှာ Debate လုပ်နိုင်အောင် လုပ်ပေးပါမယ်။ နေ့လယ်ပိုင်း အားတဲ့အချိန်မှာ Debate လုပ်ပြီးတော့ အရင် စက်ရုံ အလုပ်ရုံတွေ သွားလေ့လာခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဆွေးနွေးနိုင်ဖို့ပေါ့နော်။ ဒီလို အနည်းဆုံး အခကြေးငွေ သတ်မှတ်ဖို့ဆိုတဲ့ကိစ္စက တော်တော်လေး ခက်တယ်ဆိုတာလည်း မှန်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ Property Line ဆင်းရဲခြင်းမျဉ်းဆိုတာ ရှိတယ်၊ ဆင်းရဲမှု လျှော့ပါးရေးကိစ္စကို အစိုးရက အင်တိုက်အားတိုက် လုပ်နေတဲ့အခါကျတော့ ဒီနေ့ တစ်လကို ဝင်ငွေ ဘယ်လောက်ရှိရင် ဆင်းရဲမှုလိုင်း Property Line က လွတ်မလဲ အခု လွတ်မလား၊ ဘယ်အချိန်မှာလွတ်မလဲ၊ ဒါလည်း ထည့်ပြီးစဉ်းစားရမယ့် အချက်တစ်ချက်ပါပဲ။ ဘယ်နှစ်မှာ လွတ်မလဲ၊ အခု ဘယ်လောက်ပေးလို့ရှိရင် ဘယ်လောက်လိုသေးလဲ တစ်ခါတည်း လွတ်သွားပြီလား၊ မလွတ်သေးဘူးလား၊ မလွတ်သေးရင်လည်း ဘယ်နှစ်ကျမှ လွတ်မလဲ ဆိုတဲ့ ဒီအစိုးရရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဆင်းရဲမှုတိုက်ဖျက်ရေးရည်မှန်းချက်ကို ထည့်သွင်းစဉ်းစားပေးဖို့ ပြောကြားလိုပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ် အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၈-၇-၂၀၁၄ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၃၁-၇-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော စစ်ဘက်ရာထူးနှင့် အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသား

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၀ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၀း၅၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၀း၅၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်သုံးဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမြင့်စိန် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၇။**

**ဗိုလ်မှူးမြင့်စိန် (တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသူများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် (ရေ) ၃၆၃၆ ဗိုလ်မှူးမြင့်စိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အကြံပြုတင်ပြ ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်၏ ဆွေးနွေးမှုအား Power Point ဖြင့် တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ အခန်း(၁)၊ ပုဒ်မ ၂ (င)မှာ ကျွန်တော်တို့ ဆိပ်ကမ်းများဆိုသည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ သွားလာနိုင်သော မြစ်များ၊ အဲဒီမြစ်များရဲ့နောက်မှာ ကျွန်တော့်အနေနဲ့ ချောင်းများဆိုတာကို ထပ်မံပြီး

တော့ ထည့်လိုပါတယ်။ မြစ်များ၊ ချောင်းများနှင့် ကမ်းရိုးတန်းတစ်လျှောက် မြို့ရွာများရှိ ရေယာဉ် ဆိုက်ကပ်နိုင်သော ဆိပ်ကမ်းများ၊ ယင်းနှင့်ဆက်စပ်သော နယ်မြေများနှင့် နယ်နိမိတ်များ ဆိုပြီးတော့ ဖြည့်စွက်ချင်ပါတယ်။ ဘာဖြစ်လို့လည်းဆို ကျွန်တော်တို့ တချို့ ရေယာဉ်တွေအနေနဲ့ သုံးတဲ့အခါမှာ လှေတွေ၊ သမ္ဗာန်တွေပါသုံးတဲ့အတွက် နောက် ပုဇွန်တောင်ချောင်းလို အကျယ်ကြီးချောင်းတွေဟာလည်း သုံးလို့ရပါတယ်။ အဲဒါကြောင့်မို့ ကျွန်တော်ချောင်းများဆိုတဲ့ ဂုဏ်ပုဒ်ကို ဆက်ပြီးတော့ ထည့်ခြင်းဖြစ်ပါတယ်။

နောက်အခန်း(၁)၊ ပုဒ်မ ၂(စ)၊ ပုဒ်မ ၂(စ)မှာကတော့ အဓိကပြောထားတာကတော့ သင်္ဘောကျင်းများရှိ စက်ရုံ၊ အလုပ်ရုံဆိုတော့ ကျွန်တော်တို့က ပို့ဆောင်ရေးလက်အောက်ရှိ သင်္ဘောကျင်းများမှ စက်ရုံ၊ အလုပ်ရုံများဆိုပြီးတော့ ကျွန်တော် အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ နောက် ပုဒ်မ ၄၊ ၅(ခ)၊ ပုဒ်မ၄၊ ၅(ခ)မှာဆိုရင် ကျွန်တော်တို့ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအတွက် ယာဉ်၊ ဘောတံတား၊ ကုန်လှောင်ရုံ မူရင်းမှာတော့ ကုန်းတက်ဆိပ်လို့ သုံးနှုန်းထားပါတယ်။ ကျွန်တော်တို့ ရေကြောင်းအနေနဲ့ ပတ်သက်ရင်တော့ ရေနဲ့ကုန်းနဲ့ ဆက်စပ်တဲ့နေရာကို ကမ်းတက်ဆိပ် ဆိုတဲ့ ဝေါဟာရသုံးလို့ ကျွန်တော့်အနေနဲ့ အဲဒီမှာ ကုန်းတက်ဆိပ်အစား ကမ်းတက်ဆိပ် အနေနဲ့ ထည့်သွင်းထားခြင်းဖြစ်ပါတယ်။ နောက်တစ်ခု အခန်း(၄)၊ ပုဒ်မ ၆(ဠ)မှာ ဆိုရင် ဝန်ထမ်းများနှင့် ပြင်ပပုဂ္ဂိုလ်များကို ပို့ဆောင်ရေးဆိုင်ရာ ပြီးရင် ရေကြောင်းမှာ ကျွန်တော်တို့က (၂)မျိုးသုံးပါတယ်။ တည်ဆောက်ရေးနဲ့ သွားလာရေးဆိုပြီးတော့ ၊ ကျွန်တော်က ဒါကြောင့်မို့ ရေကြောင်း သွားလာရေးဆိုင်ရာ ဆိုပြီးတော့ သွားလာရေးဆိုတဲ့ စကားလုံးတစ်ခုကို ထပ်ပြီးတော့ ဖြည့်ထားခြင်း ဖြစ်ပါတယ်။ နောက်ဆက်ပြီးတော့ သွားတဲ့အခါကျမှ ရေယာဉ်တည်ဆောက်ရေးဆိုင်ရာ ကျွမ်းကျင်သောသူများအဖြစ် လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သင်တန်းများ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်နှင့် သုတေသနပြုခွင့် ဆိုပြီးတော့ ဖြည့်စွက် ထားပါတယ်။

နောက်အခန်း(၅)၊ ပုဒ်မ ၇(ဂ) ၊ အဲဒီပုဒ်မ ၇(ဂ) မှာကတော့ ကျွန်တော်တို့ ရေကြောင်းပညာရှင် တစ်ဦး ဆိုပြီးတော့ ရေကြောင်းဆိုင်ရာကျွမ်းကျင်သူ ပညာရှင်တစ်ဦးဆိုပြီးတော့ အဖွဲ့ဝင်အနေနဲ့ သတ်မှတ်ထားပါတယ်။ ကျွန်တော့်အနေနဲ့တော့ ရေကြောင်းရဲ့နောက်မှာ သွားလာရေးနဲ့ ဆိုင်တဲ့အတွက် ရေကြောင်းသွားလာရေးဆိုင်ရာ ကျွမ်းကျင်သူပညာရှင်တစ်ဦး ဆိုပြီးတော့ ထပ်မံဖြည့်စွက်ထားပါတယ်။ နောက်အခန်း(၇)၊ ပုဒ်မ ၂၂(စ)မှာ လိုအပ်တဲ့ ရန်ပုံငွေတွေကို ကျွန်တော်တို့တွေ ခေါင်းစဉ်အနေနဲ့ ပေးတဲ့အခါမှာ အဲဒီမှာ ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှု ရန်ပုံငွေဆိုတာကို ထပ်မံဖြည့်စွက်လိုပါတယ်။ အဲဒီအောက်မှာမှ ယခင်ပုဒ်မမှာ ပြထားတဲ့ အခြားလိုအပ်သောရန်ပုံငွေများဆိုပြီးတော့ လိုအပ်တာတွေ ထပ်ဖြည့်ဖို့ပါ။ အခန်း(၁၁)၊ ပုဒ်မ ၃၈၊ အဲဒီမှာတော့ တပ်မတော်မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်အား ငှားရမ်းအသုံးပြုခြင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်အရ ဆင့်ခေါ်၍ သာမန်ချိန် သို့မဟုတ် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၈ အရ တမ်းပြည့်စစ်မှုထမ်းချိန်ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုထားသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်းများ ဖြစ်ပေါ်ပါက အသုံးပြုသည့် တပ်မတော်မှ မူလအခြေအနေအတိုင်း ဖော်ဆယ် ပြုပြင်အပ်နှံရမည်ဆိုပြီးတော့ ပါရှိပါတယ်။

ကျွန်တော်တို့ အခုနောက်ပိုင်း လက်ရှိအခြေ အနေမှာ ဖြစ်နေတဲ့ကိစ္စတွေက သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ရင်တော့ ကျွန်တော်တို့ ဒါအသုံးပြုတဲ့သူအပေါ်မှာ တာဝန်မရှိဘူးလို့ ယူဆပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ တပ်မတော်မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်အား ငှားရမ်းအသုံးပြုခြင်း၊ စစ်ဆင်ရေးနှင့် လုံခြုံရေး တာဝန်အရ ဆင့်ခေါ်၍ သာမန်အချိန် သို့မဟုတ် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေပုဒ်မ ၈ အရ တမ်းပြည့်စစ်မှုထမ်းချိန် ဟူ၍ သတ်မှတ်ထားသည့် ကာလအတွင်း အသုံးပြုသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ရေယာဉ်များ ပျက်စီးခြင်း၊ နစ်မြုပ်ခြင်းသည် သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့် ဖြစ်ပါက ပျက်စီးဆုံးရှုံးမှုအတွက် အသုံးပြုသည့် တပ်မတော်မှ ပေးလျော်ရန် မလိုဘဲ အသုံးပြုတဲ့သူပေါ့ဆမှုကြောင့် ဖြစ်ပါက အသုံးပြုသည့် တပ်မတော်မှ အဲဒီမှာ ယခင်ကတော့ မူလဆိုတာ သုံးထားပါတယ်။ ကျွန်တော်ကတော့ မပျက်စီးမီ အခြေအနေအတိုင်း ပြန်လည်အပ်နှံရမည်။ သို့မဟုတ် ရေယာဉ်၏ကာလတန်ဖိုး အတိုင်း ပေးလျော်ရမည်ဆိုပြီးတော့ မပျက်စီးမီဆိုပြီးတော့ ထည့်ထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မူလဆိုတဲ့နေရာမှာ အမျိုးမျိုးစဉ်းစားလို့ရလို့ ဖြစ်ပါတယ်။ ဥပမာ- ထားပါတော့၊ ကျွန်တော်တို့ သင်္ဘောတစ်စီး တည်ဆောက်ပြီးတဲ့အချိန်မှာရှိတဲ့ သင်္ဘောရဲ့အခြေအနေနဲ့ ငှားရမ်းအသုံးပြုတဲ့အချိန်မှာရှိတဲ့ အခြေအနေတွေက (Quality) မတူတော့ပါဘူး။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဒီဟာကိုတော့ ပိုမိုတိကျစေရန်အတွက် မပျက်စီးမီ ဆိုပြီးတော့ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနဲ့ ပတ်သက်ပြီး ကျွန်တော်၏ ဆွေးနွေးမှုအား တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ကျွန်မကတော့ ဒီဥပဒေကို တကယ်လေ့လာလိုက်တဲ့အခါမှာ ကျွန်မတို့ အမျိုးသားလွှတ်တော်ကနေပြီးတော့မှ ပြည်သူ့လွှတ်တော်ရဲ့ ဆွေးနွေးချက်တွေအပေါ်မှာ သဘောတူထားတာလည်းရှိတယ်။ ဒါမှမဟုတ် ကွဲလွဲတာလည်း ရှိတယ်။ အဲဒီတော့ ကျွန်မ ဒီဟာတွေကို ပြည်ထောင်စုလွှတ်တော်ကို ရောက်တဲ့အခါကျမှပဲ ကျွန်မဆွေးနွေးတော့မယ်လို့ ဆုံးဖြတ်တဲ့အတွက် အခုဆွေးနွေးရန် မရှိပါဘူးရှင့်။

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကိုကို ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၄။**

**ဗိုလ်မှူးကိုကို (တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်တမ်းဝင်အမှတ်(ရေ) ၄၁၅၄ ဗိုလ်မှူးကိုကို

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းကို ဖြည့်စွက် အကြံပြု ဆွေးနွေး တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဇယားပါ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဆ)၊ ပုဒ်မခွဲ(ဈ)၊ အခန်း(၄) ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ည)၊ ပုဒ်မခွဲ(ဋ)၊ အခန်း(၅) ပုဒ်မ(၁၀)၊ အခန်း(၈)၊ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဈ) တို့ကို အကြံပြုဖြည့်စွက်ပြီးတော့ အခန်း(၈)၊ ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဋ)အား ပုဒ်မအသစ် အဖြစ် အကြံပြုဖြည့်စွက် တင်ပြသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ဆွေးနွေးမှုအား Power Point ဖြင့် ရှင်းလင်း တင်ပြခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဆ) တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ စက်ရုံ၊ အလုပ်ရုံဆိုသည်မှာ အဖွဲ့ပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနနှင့် အလုပ်ဌာနခွဲများကိုဆိုသည် ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ စကားလုံးပိုမိုကျစ်လျစ်စေရန်အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်းပဲ ဖြစ်ပါတယ်။ အခန်း(၁) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဈ)တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ ပိုင်ဆိုင်မှုပစ္စည်းဆိုသည်မှာ အဖွဲ့၏ရပိုင်ခွင့်များအားလုံး မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့် ရွှေ့ပြောင်းနိုင်သောပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှုများအားလုံး မြေများ၊ အဆောက်အအုံများ၊ စက်ရုံများ၊ အလုပ်ရုံများ၊ သင်္ဘောကျင်းများ၊ ရေယာဉ်များ စသည်ဖြင့် ပြင်ဆင်လိုပါတယ်။ ကျိုးကြောင်း ဖော်ပြချက် အနေနဲ့ကတော့ အထက်အပိုဒ်ခွဲ(ဆ) ပါ ရေးထုံးအရ စက်ရုံများဟူသည့်စကားရပ်ကို ပြင်ဆင်ဖြည့်စွက်လိုခြင်းပဲဖြစ်ပါတယ်။

အခန်း(၄) ပုဒ်မ ၇၊ ပုဒ်မခွဲ(ခ) တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ အဖွဲ့အတွက် ယာဉ်၊ ယန္တရား၊ ဘောတံတား၊ ကုန်လှောင်ရုံ၊ ကုန်းတက်ဆိပ်နှင့် အခြားလိုအပ်သည့် ပစ္စည်းများကို ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ တည်ဆောက်ခြင်းနှင့် အဖွဲ့ပိုင်ပစ္စည်းများကို ငှားရမ်းခြင်း၊ ထုခွဲရောင်းချခြင်း၊ အာမခံထားရှိခြင်းဟူ၍ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ အဓိပ္ပာယ်ပိုမိုပြည့်စုံ ပေါ်လွင် စေရန်အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်းပဲ ဖြစ်ပါတယ်။ အခန်း(၄) ပုဒ်မ ၈၊ ပုဒ်မခွဲ(က)တွင် အမျိုးသား လွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ အဖွဲ့ကပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများ စသည်ဖြင့် ပြင်ဆင်လိုပါတယ်။ ရှေ့အပိုဒ်ခွဲများပါ ရေးထုံးအရ ပြင်ဆင် လိုခြင်းပဲ ဖြစ်ပါတယ်။

အခန်း(၄) ပုဒ်မ ၈၊ ပုဒ်မခွဲ(ည)တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ အဖွဲ့ပိုင်ရေယာဉ်၊ ယာဉ်နှင့် အသုံးမလိုတော့သည့် ပစ္စည်းများ၊ ရေယာဉ်ပြင်ဆင်ရာမှ ရရှိသည့် အသုံးမလို ပိုလျှံပစ္စည်းများကို ထုခွဲရောင်းချခြင်းနှင့် လဲလှယ်ခြင်းတို့ ဆောင်ရွက်ပိုင်ခွင့် ဟူ၍ ပြင်ဆင်ဖြည့်စွက်

လိုပါတယ်။ ကျိုးကြောင်းဖော်ပြချက်အနေနဲ့ကတော့ ယခင်ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေ အဆိုပြုပြဋ္ဌာန်းချက်များနှင့် ယခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်တွင် ရေယာဉ်များ ပြင်ဆင်ရာမှ ရရှိတဲ့ အသုံးမလိုတော့တဲ့ သံပြား၊ သံကိုင်း၊ အင်ဂျင်အဟောင်းများနှင့် ဆက်စပ်ပစ္စည်းများသာ ပါရှိပြီးတော့ ရေယာဉ်အဟောင်းများ၊ မော်တော်ယာဉ်အဟောင်းများ လေလံတင် ထုခွဲရောင်းချခြင်းနှင့် ယင်းတို့နှင့် သက်ဆိုင်တဲ့ အသုံးမလိုတော့တဲ့ စက်ပစ္စည်းများ မပါဝင်သည့်အတွက် ထပ်မံဖြည့်စွက်လိုခြင်းပဲ ဖြစ်ပါတယ်။

အခန်း(၄)ပုဒ်မ ၈၊ ပုဒ်မခွဲ(ဌ)တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်လိုတာကတော့ ပြည်တွင်းပြည်ပ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များသို့ စေလွှတ်နိုင်ခွင့် ဟူ၍ပြင်ဆင် ဖြည့်စွက်လိုပါတယ်။ ပြည်တွင်းပြည်ပသင်တန်းများသို့ စေလွှတ်ခြင်းအတွက်သာမက ပြည်ပတွင် တည်ဆောက်သော ရေယာဉ်များစစ်ဆေးရန် သင်္ဘောကျင်းများ၊ စက်ရုံ၊ အလုပ်ရုံများလေ့လာရန် ရေယာဉ်အင်ဂျင်များနှင့် အခြားဆက်စပ်ပစ္စည်းများ ဝယ်ယူရန်အတွက် စေလွှတ်သောကိစ္စရပ်များ မပါရှိတဲ့အတွက် ထပ်မံဖြည့်စွက်လိုခြင်းပဲ ဖြစ်ပါတယ်။ အခန်း(၅) ပုဒ်မ ၁၀ တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ စီမံခန့်ခွဲရေးအဖွဲ့ အစည်းအဝေးကျင်းပခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနက သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဟူ၍ ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်ဖြည့်စွက်လိုရခြင်းကတော့ အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန်အတွက်ပဲ ဖြစ်ပါတယ်။

အခန်း(၈) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဈ)တွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ တင်ပြပါအတိုင်းပဲ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြင်ဆင်ဖြည့်စွက်လိုတာကတော့ အဖွဲ့ပိုင် သင်္ဘောတွင် အသုံးပြုသော ခရီးသည်လက်မှတ်များကိုဖြစ်စေ၊ တန်ဆာလက်မှတ်များကိုဖြစ်စေ၊ အခြားသောလက်မှတ်များကို သို့မဟုတ် ပုံစံများကိုဖြစ်စေ အတုပြုလုပ်ခြင်း သို့မဟုတ် အတုပြုလုပ်ရန် အားထည့်ခြင်း စသည်ဖြင့် ပြင်ဆင်ဖြည့်စွက်လိုပါတယ်။ ပြင်ဆင်ဖြည့်စွက်ရခြင်းမှာ စကားလုံးကျစ်လျစ် စေရန်အတွက် အစားထိုးအသုံးပြုရန် ရည်ရွယ်ချက်ဖြင့် ဟူသည့်စကားရပ်ကို ပယ်ဖျက်လိုခြင်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အခန်း(၈) ပုဒ်မ ၃၆၊ ပုဒ်မခွဲ(ဌ)ကို ပုဒ်မခွဲ အသစ်အနေဖြင့် ထပ်မံဖြည့်စွက်လိုပါတယ်။ ထပ်မံဖြည့်စွက်လိုတဲ့ ပုဒ်မခွဲကတော့ တင်ပြပါအတိုင်း အဖွဲ့ပိုင် သင်္ဘောပေါ်တွင် ခရီးသွားလာနေစဉ် သို့မဟုတ် ရပ်နားနေစဉ် မြစ်များ၊ ချောင်းများအတွင်း ပစ္စည်းများ၊ အမှိုက်သရိုက်နှင့် အညစ်အကြေးများ စွန့်ပစ်ခြင်း မပြုရဟူ၍ ပုဒ်မခွဲအသစ် ထည့်သွင်းလိုပါတယ်။ ထည့်သွင်းရတဲ့ အကြောင်းကတော့ သဘာဝပတ်ဝန်းကျင် မြစ်များ၊ ချောင်းများ ထိန်းသိမ်းတတ်စေရန် ရည်ရွယ်တဲ့အနေနဲ့ အပိုဒ်ခွဲအား ဖြည့်စွက်လိုခြင်း ဖြစ်ပါကြောင်း တင်ပြရင်းဖြင့် ကျွန်တော့်၏ဆွေးနွေးမှုများကို နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် နှစ်ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ဒသမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၃။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၁၁း၁၃ နာရီအချိန်တွင် ရပ်နားပါသည်။]